**မြန်မာနိုင်ငံ၊ စစ်ဆန့်ကျင်ရေးဆန္ဒပြသူများအား အသရေဖျက်မှုဖြင့် တရားစွဲခြင်း ရပ်လိုက်ပါ။**

**စစ်ဆန့်ကျင်သူသုံးယောက် ယနေ့ဆက်လက်တရားစွဲ**

(ရန်ကုန်၊ ၂၀၁၈ ခုနှစ်၊ မေလ ၂၁)။ ။ မြန်မာအစိုးရအနေဖြင့် လူ့အခွင့်အရေး ကာကွယ်သူ ကချင်တိုင်းရင်းသားသုံးဦးအား အသရေဖျက်ခြင်းပြစ်မှုဖြင့် တရားစွဲဆိုခြင်းကို ခြွင်းချက်မရှိ ချက်ချင်းရပ်တန့်သင့်သည်ဟု ထိုင်းနိုင်ငံရောက် ကချင်အမျိုးသမီးအဖွဲ့ KWAT နှင့် Fortify Rights တို့က ယနေ့ထုတ်ဖော်ကြသည်။ တရားလိုသက်သေများပြန်လည် စစ်ဆေးမေးမြန်းခြင်းကို မြစ်ကြီးနားမြို့နယ် တရားရုံးတွင် ယနေ့စတင်ကျင်းပမည် ဖြစ်သည်။

"အပြစ်မရှိသောပြည်သူများအား မြန်မာ့တပ်မတော်က တိုက်ခိုက်ခြင်းရပ်စဲစေချင်သည်မှာ ပြစ်မှု မဟုတ်ပါ" ဟု KWAT အထွေထွေအတွင်းရေးမှူးဖြစ်သူ မွန်းနေလီ က ဆိုသည်။ "ဒီလှုပ်ရှားသူများပြုလုပ်သည်မှာ အမှန်အတိုင်းပြောဆိုခြင်းဖြစ်၍ ၎င်းကြောင့် ထောင်ထဲနှစ်ပေါင်းများစွာ ရောက်ရှိနိုင်သည်။"

မေလ ၈ ရက်နေ့တွင် မြန်မာ့တပ်မတော်မြောက်ပိုင်းတိုင်းမှ ဒုတိယ ဗိုလ်မှူးကြီး မျိုးမင်းဦး က ဦးလွမ်းဇော် ၂၉ နှစ်၊ ဒေါ်နန်ပူ ၄၇ နှစ်နှင့် ဦးဇော်ဂျတ် ၄၁ နှစ် တို့အား ငြိမ်းချမ်းစွာ ဆန္ဒပြသည့်အချိန်တွင်ပြောဆိုသော စကားကြောင့် အသရေဖျက်မှုပြစ်မှုဖြင့် တိုင်ကြားခဲ့ပါသည်။ ထိုငြိမ်းချမ်းစွာ ဆန္ဒပြပွဲကို ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်တွင် ဧပြီလ ၃၀ ရက်နေ့နှင့် မေလ ၁ ရက်နေ့တွင် ကျင်းပခြင်းဖြစ်၍ ပြည်သူ ၃၀၀၀ ခန့် တက်ရောက်ကြသည်။ ၎င်းတိုင်ကြားစွပ်စွဲရာတွင် မြန်မာ့တပ်မတော်သည် အရပ်သားများနေထိုင်သည့်နေရာများအား ဗုံးခွဲတိုက်ခိုက်ခြင်း၊ အရပ်သားများကို သတ်ဖြတ်ခြင်း၊ ဒါဏ်ရာရစေခြင်း၊ တနိုင်းမြို့နယ်၊ ဖါးကန့်မြို့နယ်နှင့် ဟူးကောင်းချိုင့်ဝှမ်းများတွင် ပိတ်မိနေသော အရပ်သားများ ရွှေ့ပြောင်းစေရေးကို ငြင်းဆန်ခြင်းတို့ပါဝင်သည်။

မြန်မာနိုင်ငံပြစ်မှုဆိုင်ရာ ဥပဒေတွင် အသရေဖျက်မှုကို အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ "လူတစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာထိခိုက်ရန် သို့မဟုတ် ထိခိုက်မည်ဟု သိရှိလျှက် သို့မဟုတ် ထိခိုက်ရန်အကြောင်းရှိသည်ဟု ယုံကြည်လျှက်၊ ထိုပုဂ္ဂိုလ်အား အပြစ်တင်ခြင်းဖြစ်သည်။" မြန်မာနိုင်ငံ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၅၀၀ အရ ဦးလွမ်းဇော်၊ ဒေါ်နန်ပူ နှင့် ဦးဇော်ဂျတ် တို့သည် ပြစ်မှုထင်ရှားသည်ဟု စီရင်ပါက ထောင်ဒါဏ်နှစ်နှစ် သို့မဟုတ် ဒါဏ်ငွေ သို့မဟုတ် နှစ်ခုစလုံး ကျခံနိုင်သည်။ မကြာသေးမီက မြန်မာ့တပ်မတော်သည် အခြားကချင်လူ့အခွင့်အရေးကာကွယ်သူများကို မြန်မာနိုင်ငံပြစ်မှုဆိုင်ရာ ဥပဒေအရ အသရေဖျက်မှု ပြစ်မှုဖြင့် ထောင်ချ ခဲ့ကြသည်။ ဥပမာ- ၂၀၁၇ ခုနှစ်၊ ဖွန်လ ၁၃ ရက်နေ့တွင် မြန်မာ့တပ်မတော် ( ကြည်း)

ခြေလျှင်တပ် တပ်မ ၁၀၁မှ ဗိုလ်မှူး ကြည်မင်းထွန်းသည် ဖါးကန့်မြို့နယ်တရားရုံးတွင် ကချင်အမျိုးသား လူမှုဖွံ့ဖြိုးရေးဖောင်ဒေးရှင်း ( KNSDF) အထွေထွေအတွင်းရေးမှူး ဦးဒါရှီနော်လောန် ၅၂ နှစ်အား အသရေဖျက်မှု ပြစ်မှုဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်ခဲ့သည်။ ၎င်းတိုင်တန်းခြင်းသည် ဖါးကန့် မြို့နယ်တွင် ဖွန်လ ၉ ရက်နေ့တွင် ဖြန့်ဝေသည့် လက်ကမ်းစာစောင်တွင်ပါရှိသော မြန်မာ့ တပ်မတော်က ပဋိပက္ခဖြစ်နေစဉ် ကချင်အမျိုးသမီးများအား အဓမ္မပြုကျင့်သတ်ဖြတ်၍ ကချင် ရွာများနှင့် ဘာသာရေးနယ်မြေများ မီးရှို့ ဖျက်ဆီးကြောင်း စွပ်စွဲခြင်းများပါရှိသည်။

ဦးဒါရှီနော်လောန်၏ အယူခံမှုကို ဖါးကန့်မြို့နယ်၊ မိုးညှင်းမြို့နယ်နှင့် ကချင်ပြည်နယ်တရာရုံး များကပယ်ချပြီး ဖါးကန့်မြို့နယ် တရားရုံးက ဦးဒါရှီနော်လောန်အား အသရေဖျက်မှုဖြင့် မေလ ၁၆ ရက်နေ့တွင် ဒါဏ်ငွေ ကျပ် ၅၀,၀၀၀ (အမေရိကန်ဒေါ်လာ ၃၇ ခန့်) ကျခံစေသည်။

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် လားရှိုးခရိုင်တရားရုံးက ဦးဒွန်ဒေါ့နော်လတ် ၆၈နှစ် အား အသရေဖျက်မှုဖြင့် ထောင်ချခဲ့သည်။ အကြောင်းမှာ သူသည် ဒီဇင်ဘာလ ၁ ရက်နေ့၊ ၂၀၁၆ ခုနှစ်တွင် အမေရိကန်အသံလွှင့် ဌါနနှင့် ဖုန်းဖြင့် မေးမြန်းရာတွင် ရှမ်းပြည်နယ်မြောက်ပိုင်း မှာ မြန်မာ့တပ်မတော်က လေယာဥ်ဖြင့် ပုံးကျဲပစ်ခတ်သည်ဟု သတင်းပေးခြင်းကြောင့် ဖြစ်သည်။ နိုင်ငံတော်သမ္မတ၏ ဧပြီလ ၂၀၁၈ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် မလွတ်မြောက်မီ ထောင်ထဲတွင် ၁၅ လ ကျော်အချိန်ကုန်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာဥပဒေက လွတ်လပ်စွာဖေါ်ထုတ်ခွင့်ကို ကာကွယ်ထားပါသည်။ ထူး ခြားသော အခြေအနေတွင် နိုင်ငံတော်၏အရေးကြီးသောအကျိုးအတွက် လွတ်လပ်စွာ ပြောဆို ရေးသားခွင့် ကန့်သတ်ခြင်းကို ခွင့်ပြုထားသည်။ ၎င်းသည်လည်း အခြေအနေအရသာ ဖြစ်ပါသည်။

ဦးလွမ်းဇောင်၊ ဒေါ်နန်ပူ နှင့် ဦးဇော်ဂျတ် တို့အား အမှုဖွင့်ခြင်းသည် လွတ်လပ်စွာ ဖေါ်ထုတ်ခွင့်ကို ဖောက်ဖျက်ပါသည်။ KWAT နှင့် Fortify Rights တို့က မြန်မာအာဏာပိုင်များ အနေဖြင့် အသရေဖျက်မှုကို ပြစ်မှုအဖြစ် မသတ်မှတ်တော့ဘဲ အထက်ပါ ပုဂ္ဂိုလ်သုံးဦးနှင့် အခြား လူ့အခွင့်အရေးကာကွယ်သူများအား တရားစွဲဆိုခြင်းကို အမြန်ရုပ်သိမ်းသင့်ကြောင်း တောင်းဆိုကြ ပါသည်။

"မြန်မာ့တပ်မတော်သည် ပြစ်တင်ဝေဖန်ခြင်းကို အင်မတန်မှမနှစ်မြို့ပါသဖြင့် သူတို့၏ ရာဇဝတ်မှုပြောဆိုရုံဖြင့် နိုပ်ကွပ်မှုဖြစ်ပေါ်စေနိုင်သည်" ဟု Fortify Rights ၏ အမှုဆောင် အရာရှိချုပ်ဖြစ်သူ မသျှီလူးစမစ် က ဆိုသည်။ "တပ်မတော်သည် ကချင်ပြည်နယ်တွင် သူတို့၏

ရက်စက်ကြမ်းကြုတ်ခြင်းကို ပြည်သူများသိစေမည့် မည်သည့်စကားပြောဆိုမှု မှန်သမျှကို ပိတ်ပင်ရန် ကြိုးစားနေသည်။ တာဝန်ခံယူမှုတာဝန်ခံမှု ရှိစေမည့် ကြိုးပမ်းအားထုတ်မှုများကို တားဆီးပိတ်ပင် ကြသည်။

ကမ္ဘာ့ကုလသမဂ္ဂရုံး လူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းမှုရုံး၏ ခန့်မှန်းချက်အရ ဧပြီလအစပိုင်း၌ ကချင်ပြည်နယ်တွင် ၇,၄၀၀ ယောက်သော ပြည်သူများသည် မြန်မာ့ တပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်များ တိုက်ခိုက်မှုကိုရှောင်၍ ထွက်ပြေးကြသည်ဟု ဆိုသည်။ ၂၀၁၁ ခုနှစ်၊ ဇွန်လမှစပြီး ကချင်အရပ်သား ၁၀၀,၀၀၀ တို့သည် လူ့အခွင့်အရေး ချိုးဖောက်မှုခံရခြင်းနှင့် လက်နက်ကိုင် ပဋိပက္ခတို့ကြောင့် နေရပ်စွန့်ခွာကြသည်။ မေလ ၁၅ ရက်နေ့တွင် KWAT က မြန်မာ့တပ်မတော်သည် လူ့အခွင့်အရေးဆက်လက် ချိုးဖောက်နေကြောင်း အသေးစိတ် အချက်အလက်များကို ထုတ်ဝေခဲ့သည်။ ၎င်းသည် ဖါးကန့်၊ တနိုင်းနှင့် အင်ဂျန်းယန် မြို့နယ်များတွင်ဖြစ်၍ အရပ်သားဧရိယာများတွင် အမြောက်ဖြင့် ပစ်ခတ်ခြင်းများလည်း ပါဝင်သည်။ စစ်ဘေးရှောင်ပြည်သူများအား လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးခြင်းများ ကိုလည်း ချုပ်ချယ်ထားသည်။ ၂၀၁၁ ခုနှစ် မှ စပြီး Fortify Rights အနေဖြင့် သတ်ဖြတ်မှု၊ ညှင်းပန်းနှိပ်စက်ခြင်း၊ လူများ၏ အကာအကွယ်ယူခြင်း၊ အဓမ္မအလုပ်စေခိုင်းခြင်း၊ အကြောင်းမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် အခြားကျူးလွန်ခြင်းများ၊ မြန်မာလုံခြုံရေးတပ်ဖွဲ့များက ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ကျူးလွန်ခြင်း အကြောင်းများ ရေးသား၊ မှတ်တမ်းတင်ခဲ့သည်။ ဤကျူးလွန်ခြင်းများသည် လူသားများအပေါ် ရာဇဝတ်ကျူးလွန်ခြင်းနှင့် စစ်ရာဇဝတ်မှု ဖြစ်မြောက်ကြောင်း Fortify Rights က တွေ့ရှိခဲ့သည်။

မတ်လ၌ Fortify Rights အနေဖြင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးကော်မတီ (IDC) မှဦးဆောင်ပြီး ယူကေပါလီမန်တွင် ကျင်းပသော ကြားနာရေးအစီစဉ်မှာ တက်ရောက်၍ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် လူ့အခွင့်အရေးချိုးဖောက်ခံနေရပုံများကို သက်သေခံခဲ့ပါသည်။ ဖေဖော်ဝါရီလတွင် လန်ဒန်ရှိ မြန်မာသံရုံးသည် မြန်မာပြည်သွားမည့် ယူကေပါလီမန်အမတ်များ ဗီဇာ မပေးပါ။ ၎င်းသည် IDC အစီရင်ခံစာထုတ်ဝေပြီး ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ မူဆလင်များအပေါ် ရက်စက်ယုတ်မာမှုကြောင့် မြန်မာ့တပ်မတော်အားအရေးယူပေးရန် တောင်းဆိုမှုထွက်လာပြီး မှ ဖြစ်ပါသည်။

ယခုအပတ်မှာ IDC က သူတို့တွေ့ရှိချက်ကို ထုတ်ဝေမည်ဖြစ်ပါသည်။ "စစ်တပ်ကမြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စုများအပေါ် အကြမ်းဖက်တိုက်ခိုက်လာသည်မှာဆယ်စုနှစ်များစွာရှိနေပြီ။ ဘယ်လောက် ကြာကြာ သည်းခံရမလဲ" ဟု မွန်းနေလီ က ဆိုသည်။ မြန်မာနိုင်ငံမှာ

အခုလက်ရှိဖြစ်နေတဲ့ချိုးဖောက်မှုတွေကိုနိုင်ငံတကာပြစ်မှုဆိုင်ရာရာဇဝတ်ခုံရုံးကိုအမြန်ဆုံးပို့ရမယ်။ သို့မဟုတ်ပါက ရက်စက်ကြမ်းကြုတ်မှုများ ဆက်ဖြစ်နေမှာဘဲ”

ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် လိပ်စာ

Moon Nay Li, General Secretary, Kachin Women’s Association of Thailand,

+ 66.85.523 .3791 (Thailand), kwat.office@gmail.com

Matthew Smith, Chief Executive Officer, Fortify Rights, +1.202.503.8032 (in the U.S.), matthew. smith@fortifyright.org; Twitter: @matthewfsmith, @FortifyRights

David Baulk, Myanmar Human Rights Specialist, Fortify Rights, +95.979.311.1685 (in Myanmar);

Email: david.baulk@fortifyrights.org;

Twitter: @davidbaulk, @FortifyRights